## အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ **City park** ပန်းခြံအတွင်း
## အစာငတ်ခံဆန္ဒပြနေသော
## ဒီမိုကရေစီတိုက်ပွဲဝင်ညီအစ်ကိုများသို့ ပေးပို့သော သဝဏ်လွှာ

၁။ ယနေ့မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် နယ်ပယ်တွင်းတွင် အကြပ်တည်းဆုံးအနေအထားနှင့် ရင်ဆိုင်နေရပါသည်။

၂။ ဤအကြပ်အတည်းကို ကျော်လွှားနိုင်ဖို့ ဆိုလျှင်

ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နအဖစစ်အစိုးရတို့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ရန်နှင့် တဆက်တည်းတွင် တိုင်းရင်းသားအင်အားစုအသီးသီး၊ ဒီမိုကရေစီအင်အားစုအသီးသီးပါဝင်ပြီး လွတ်လွတ်လပ်လပ် တန်းတူရည်တူ တွေ့ဆုံဆွေးနွေး အဖြေရှာကြရမည်ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်ပါသည်။

၃။ တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးဖြစ်ပေါ်စေရန်အတွက်

ပြည်တွင်းလူထုလှုပ်ရှားမှုများ၊ ဒီမိုကရေစီမဟာမိတ်အသီးသီး၏ နည်းသဏ္ဍာန် ပေါင်းစုံဖြင့် ဝန်းရံမှုများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏ စာနာထောက်ခံအကူအညီပေးမှုများဖြင့် တွန်းတင်ကြရမည်ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ နားလည် လက်ခံ ထားပါသည်။

၄။ "မြန်မာနိုင်ငံ ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ထိရောက်စွာ ဝင်ရောက်ကိုင်တွယ်ဖြေရှင်းပေးရန်" ဟူသော တောင်း ဆိုချက်ဖြင့် ခရီးရှည်ချီတက်ခဲ့ကြခြင်းနှင့် အစာငတ်ခံ ဆန္ဒပြနေကြခြင်း စသည့် နိုင်ငံတကာရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ အဆင်းရဲအပင်ပန်းခံပြီး တိုက်ပွဲဝင်နေကြသည်များကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက လှိုက်လှိုက်လှဲလှဲ လေးစားဂုဏ်ပြုအပ်ပါသည်။

၅။ ရဲဘော်ညီအစ်ကိုတို့၏တိုက်ပွဲကို မြန်မာပြည်သူများနှင့် နိုင်ငံတကာပြည်သူများသာမက ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက် ရောက်လာကြသော နိုင်ငံတကာခေါင်းဆောင်များနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ စာနာမှုနှင့် ထောက်ခံမှုကို အမှန် ရရှိနိုင် ပါလိမ့်မည်။

၆။ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် အစာငတ်ခံတိုက်ပွဲဝင်နေသော ရဲဘော်ညီအစ်ကိုတို့နှင့် အတူရှိနေပါကြောင်းနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ လှိုက်လှဲသော ဂုဏ်ပြုမှုကို ရဲဘော်များထံသို့ လေးစားတန်ဖိုးထားစွာ ပေးပို့အပ်ပါသည်။

**ဗဟိုကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**

၂၀၀၄–ခုနှစ် စက်တင်ဘာလ(၂၇)ရက်


ဆက်သွယ်ရန် ...

ကိုအောင်မိုးဇော် ၆၆ ၉ ၈၅၀၃၆၀၃
ကိုယဉ်ထွေး ၆၆ ၇ ၈၄၈၄၀၀၇
ကိုငွေလင်း ၆၆ ၁ ၇၂၇၂၅၂၆

E-mail: hq@dpns.org, information@dpns.org, www.dpns.org